## သင်္ဘောသားဌာနခွဲတွင် အပ်နှံထားသည့် CDC စာအုပ်များလာရောက်ထုတ်ယူရန်နှိုးဆော်ခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် Continuous Certificate of Discharge (CDC) စာအုပ်များအား Maritime Labour Convention (MLC) 2006 ပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီစေရန် Seafarer Identification and Record Book (SIRB) စာအုပ်အသစ်များဖြင့် လဲလှယ်ထုတ်ပေးခြင်းကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ(၁၇)ရက်နေ့မှစ၍ ဆောင်ရွက်ပေးလျှက်ရှိပါသည်။ ထို့အပြင် CDC စာအုပ်များကို သင်္ဘောသားဌာနခွဲ၌ ထိန်းသိမ်းထားရာမှ သက်ဆိုင်ရာသင်္ဘောသားများ ကိုယ်တိုင်ထိန်းသိမ်းထားနိုင်ရန်အတွက် ပြန်လည်ထုတ်ပေးလျှက်ရှိရာ(၃၀-၉-၂၀၁၄)ရက်နေ့အထိထုတ်ပေးပြီးသည့် CDC စာအုပ် (၆၀၇၅၇)ဖြစ်ပြီး၊ ထုတ်ယူရန်ကျန်ရှိသည့် CDC စာအုပ် (၁၇၉၇၀)ဖြစ်ပါသည်။

၂။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သင်္ဘောသားများ၏ CDC စာအုပ်များသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ CDC စာအုပ်များ သက်တမ်းကုန်ဆုံးပြီးနောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လာရောက်ထုတ်ယူခြင်းမရှိသည့် CDC စာအုပ်များကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှစ၍ ဌာနတွင် ထိန်းသိမ်းထားခြင်းမှ ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သင်္ဘောသားဌာနခွဲ တွင် ထုတ်ယူရန်ကျန်ရှိသော CDC စာအုပ်များအား၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့မတိုင်မီ သက်ဆိုင်ရာသင်္ဘောသားများက အမြန်ဆုံး လာရောက်ထုတ်ယူကြပါရန် (ပဉ္စမအကြိမ်)နှိုးဆော်အသိပေးအပ်သည်။

သင်္ဘောသားဌာနခွဲ
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန